# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် မော်တော်ယာဉ် မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ် စစ်ဆေးခြင်းနှင့် အခြားပြောင်းလဲခြင်းများအတွက်ယာဉ်စစ်ဆေးခြင်း ယာဉ်စစ်ရက်ချိန်းရယူခြင်းအား Online Booking System ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် (၂၂.၃.၂၀၂၁) ရက်နေ့မှ ခေတ္တရပ်ဆိုင်းခဲ့ရသည့် မော်တော်ယာဉ် မှန်ကန်မှု ရှိ/မရှိ ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ် စစ်ဆေးခြင်းနှင့် အခြားပြောင်းလဲခြင်းများအတွက်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းတို့အား (၆.၉.၂၀၂၁)ရက် (ဗုဒ္ဓဟူးနေ့)မှစတင်၍ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ရုံးများ၌ လူစုလူဝေး အနည်းဆုံး ဖြစ်စေရေး၊ လုပ်ငန်းလာရောက်ဆောင်ရွက်သူ ပြည်သူများအဆင်ပြေချောမွေ့စေရေး၊ လုပ်ငန်းများ မြန်ဆန်စွာပြီးစီးရေးတို့အတွက် ယာဉ်စီးရေများပြားသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) တို့တွင် မော်တော်ယာဉ် ယာဉ်စစ်ရက်ချိန်းရယူခြင်းတို့အား **www.rtad.gov.mm** Website တွင် ကြိုတင် စာရင်းသွင်းသည့်စနစ် (Online Booking System) ကို (၅.၉.၂၀၂၁)ရက် (အင်္ဂါနေ့)မှ စတင်၍ အနည်းဆုံး(၁)ရက်မှ အများဆုံး(၁၀)ရက်အထိ ကြိုတင်ရယူနိုင်မည်ဖြစ်သည်။

၃။ ရုံးဖွင့်ရက်တစ်ရက်လျှင် နယ်ဝင်ယာဉ်စစ်ဆေးခြင်းနှင့် အခြားပြောင်းလဲခြင်း ယာဉ်စစ်ဆေးခြင်း တို့ကို နံနက်ပိုင်း(၉:၃၀)နာရီမှ(၁၂)နာရီအထိနှင့် နေ့လယ်ပိုင်း(၁၃)နာရီမှ(၁၆)နာရီအထိ နှစ်ကြိမ်ခွဲ၍ လည်းကောင်း၊ ယာဉ်မှန်/မမှန်ယာဉ်စစ်ဆေးခြင်းကို နေ့လယ်(၂)နာရီပိုင်းတွင်လည်းကောင်း ရုံးများ အလိုက် အောက်ပါစီးရေအတိုင်း လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

**(စီးရေ)**

| စဉ် | ရုံးအမည် | နယ်ဝင် | | အခြားပြောင်း | | ခရီးသည်တင် | | ယာဉ် မှန်/ မမှန် |
|---|---|---|---|---|---|---|---|---|
| | | နံနက် ပိုင်း | နေ့ လယ် ပိုင်း | နံနက် ပိုင်း | နေ့ လယ် ပိုင်း | နံနက် ပိုင်း | နေ့ လယ် ပိုင်း | |
| (က) | တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) | ၁၀ | ၅ | ၁၅ | ၅ | ၄၀ | ၂၀ | ၅ |
| (ခ) | ခရိုင်ရုံး (ရန်ကုန်အနောက်) | ၁၅ | ၁၅ | ၁၅ | ၁၅ | - | - | ၄၀ |
| (ဂ) | ခရိုင်ရုံး (ရန်ကုန်အရှေ့) | ၁၅ | ၁၀ | ၃ | ၂ | - | - | ၂၀ |

| စဉ် | ရုံးအမည် | နယ်ဝင် | | အခြားပြောင်း | | ခရီးသည်တင် | | ယာဉ်မှန်/မမှန် |
|---|---|---|---|---|---|---|---|---|
| | | နံနက်ပိုင်း | နေ့လယ်ပိုင်း | နံနက်ပိုင်း | နေ့လယ်ပိုင်း | နံနက်ပိုင်း | နေ့လယ်ပိုင်း | |
| (ဃ) | ခရိုင်ရုံး (ရန်ကုန်မြောက်) | ၈ | ၈ | ၈ | ၈ | - | - | ၁၀ |
| (င) | ခရိုင်ရုံး (ရန်ကုန်တောင်) | ၅ | ၅ | ၁၀ | ၁၀ | - | - | ၁၀ |
| (စ) | ခရိုင်ရုံး (မန္တလေးတောင်) | ၂၅ | ၂၅ | ၂၅ | ၂၅ | - | - | ၁၀ |
| (ဆ) | ခရိုင်ရုံး (မန္တလေးမြောက်) | ၂၅ | ၂၅ | ၂၅ | ၂၅ | - | - | ၂၀ |

၄။ Online Booking အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm, www.myanmarrtad.com နှင့် www.rtad.gov.mm Website များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**နေပြည်တော်**

- ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၀၉၉

**ရန်ကုန်တိုင်းဒေသကြီး**

- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၁-၅၇၀၉၆၇
- တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) - ၀၉-၆၆၆၄၄၆၀၅၉
- ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) - ၀၉-၅၀၂၉၉၁၃
- ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) - ၀၉-၉၆၈၀၄၈၇၆၈
- ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) - ၀၉-၂၅၀၉၆၆၄၆၉
- ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) - ၀၁-၃၆၄၄၄၁၁

**မန္တလေးတိုင်းဒေသကြီး**

- တိုင်းဒေသကြီးရုံး(မန္တလေး) - ၀၂-၄၀၃၆၁၁၃
- ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) - ၀၂-၄၀၃၆၆၉၇
- ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) - ၀၂-၄၀၆၁၈၃၆

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**